ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဆေးနှင့်ဆေးပညာနှီးနွှယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ ညှိနှိုင်းအစည်းအဝေး (၂/၂၀၂၀)တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ပြောကြားခဲ့သည့်မိန့်ခွန်း ကောက်နုတ်ချက်

နေပြည်တော် **၂၀၂၀ ပြည့်နှစ်၊ မေလ (၁၉)ရက်**

- ဝန်ကြီးဌာန၏ ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးလုပ်ငန်းများကို စွမ်းဆောင်ရည်မြင့်မားစွာဖြင့် ဆောင်ရွက်နိုင်ရန် ဆရာဝန်များနှင့် ဆေးဘက်နှီးနွှယ်ကျန်းမာရေးပညာရှင်များ မွေးထုတ်ပေးနေသည့် ဆေးနှင့်ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၏ တာဝန်ခံပါမောက္ခချုပ်များသည် အရည်အသွေးပြည့်ဝသော ကုန်ပစ္စည်းများကို ထုတ်လုပ်သည့် စက်ရုံကြီးများ၏ တာဝန်ခံများကဲ့သို့ အထူးအရေးကြီးပါကြောင်း၊
- ထိုသို့မွေးထုတ်လေ့ကျင့်ရာတွင် ပညာရပ်ဆိုင်ရာကျွမ်းကျင်ပိုင်နိုင်မှုအပြင် ကျင့်ဝတ်လိုက်နာဆောင်ရွက်နိုင်မှု၊ ဘက်ပေါင်းစုံမှ တွေးခေါ်မျှော်မြင်နိုင်မှု၊ အပြုသဘောဆောင်ရွက်နိုင်မှု၊ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်တတ်မှု၊ အသင်းအဖွဲ့စိတ်ရှိမှု၊ ရှေ့သို့မျှော်မှန်းဆောင်ရွက်တတ်မှု အစရှိသည့် အရည်အသွေးများ ရရှိစေရန်အတွက်ကိုလည်း အလေးထားဆောင်ရွက်ပေးစေလိုပါကြောင်း၊
- ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်လေ့ကျင့်ရာတွင် ဝန်ကြီးဌာနရှိ ဦးစီးဌာနအသီးသီး၏ ကျန်းမာရေးလူ့စွမ်းအားအမျိုးအစား၊ အရေအတွက်လိုအပ်ချက်နှင့် ကိုက်ညီစွာဖြင့် လေ့ကျင့်ထုတ်လုပ်ရမည်ဖြစ်ပါကြောင်း၊
- ထိုသို့လိုအပ်ချက်များသိရှိနိုင်ရေးအတွက် ပါမောက္ခချုပ်များအနေဖြင့် ဦးစီးဌာနအသီးသီးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တစ်နှစ်လျှင် အနည်းဆုံးနှစ်ကြိမ် တွေ့ဆုံဆွေးနွေး ညှိနှိုင်းရမည်ဖြစ်ပါကြောင်း၊
- ဆေးနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၌ ပေးအပ်လျက်ရှိသော ဘွဲ့နှင့် ဒီပလိုမာသင်တန်းများသို့ တက်ရောက်နိုင်ရန် လိုအပ်မည့် အရည်အချင်းသတ်မှတ်ချက်များကိုလည်း ခေတ်နှင့်အညီ ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊
- ဝန်ကြီးဌာန၏ အရေးကြီးသော လူ့စွမ်းအားအရင်းအမြစ်တစ်ခုဖြစ်သော သူနာပြုများ၏ စွမ်းဆောင်ရည်မြင့်မားရေးအတွက် မွမ်းမံသင်တန်းများကို ပုံမှန်ပြုလုပ်စေလိုသည့်အပြင်

ဘာသာရပ်အထူးပြဒီပလိုမာသင်တန်းများကိုလည်း အရေအတွက်သာမက အမျိုးအစားကို လည်း တိုးချဲ့စေလိုပါကြောင်း၊

- ထို့အပြင် လုပ်ငန်းခွင်သို့ရောက်ရှိနေပြီးသော ဝန်ထမ်းများအတွက် သက်ဆိုင်ရာ ဘာသာရပ် အလိုက် ဉာဏ်သစ်လောင်းမွမ်းမံသင်တန်းများအား မည်ကဲ့သို့ဆောင်ရွက်မည်ကိုလည်း အကြံပြု ဆွေးနွေးကြစေလိုပါကြောင်း၊
- ဆေးနှင့်ဆေးပညာနှီးနွှယ် ဘွဲ့လွန်သင်တန်းများတွင်လည်း အရေအတွက် ပိုမိုတိုးမြှင့်ခေါ်ယူ စေလိုပြီး အထူးသဖြင့် ဝန်ကြီးဌာနအတွက် လိုအပ်ချက်များပြားနေသော ဘာသာရပ်များတွင် အရေအတွက် သိသာစွာ တိုးမြှင့်ခေါ်ယူစေလိုပါကြောင်း၊
- ဘွဲ့လွန်သင်တန်းဝင်ခွင့် စစ်ဆေးရာတွင်လည်း ဘွဲ့လွန်ဝင်ခွင့်အတွက်သာဖြစ်ပြီး ဘွဲ့လွန် ပြီးမြောက်သည့် စာမေးပွဲမဟုတ်သဖြင့် သင့်လျော်သော အဆင့်ရှိသည့် အရည်အချင်းစစ်ဆေးမှု ကိုသာ ပြုလုပ်စေလိုပါကြောင်း၊
- ဝေးလံခက်ခဲဒေသများတွင် တာဝန်ထမ်းဆောင်သူများအတွက် ဘွဲ့လွန်ဝင်ခွင့်ရွေးချယ်ရာတွင် ပိုမိုအခွင့်အရေးပေးနိုင်ရန်အတွက် စံသတ်မှတ်ချက်များ ချမှတ်ပေးစေလိုပါကြောင်း၊
- ကာလတိုသင်တန်းများ၊ မွမ်းမံသင်တန်းများကို ပိုမိုပြုလုပ်စေလိုပြီး ယခုကဲ့သို့ COVID-19 ကပ်ရောဂါဖြစ်ပွားနေစဉ်ကာလတွင်လည်း အင်တာနက် online ဖြင့် မွမ်းမံသင်တန်းများ ယခုထက် ပိုမိုပြုလုပ်စေလိုပါကြောင်း၊
- ကမ္ဘာတစ်ဝန်းတွင် ဆေးနှင့်ဆေးပညာနှီးနွှယ်ပညာရပ်များသည် အချိန်နှင့်အမျှ ဖွံ့ဖြိုးတိုးတက် နေသည်ဖြစ်၍ မိမိတို့အသုံးပြုနေသော သင်ရိုးညွှန်းတမ်းများနှင့် သင်ကြားပုံနည်းစနစ်ကိုလည်း အမြဲတမ်းမွမ်းမံပြင်ဆင်နေရန် လိုအပ်ပါကြောင်း၊
- ဆေးတက္ကသိုလ်များတွင် ယခုစတင်အသုံးပြုသင်ကြားနေပြီဖြစ်သည့် "ရလဒ်အခြေပြုသော ပေါင်းစည်းချိတ်ဆက်သင်ကြားခြင်း သင်ရိုးညွှန်းတမ်း (Outcome Based Integrated Curriculum)" သည် ကမ္ဘာ၌သင်ကြားသော ခေတ်ပေါ်နည်းစနစ်ဖြစ်သည့်အတွက် အရှိန်အဟုန် မပျက် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊
- ဆေးပညာဘွဲ့လွန်သင်တန်းများ၌ လက်တွေ့သင်ကြားမှုများကို အထူးကုဆရာဝန်ကြီးများ ရှိသည့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်ဆေးရုံကြီးများတွင် ကာလတိုတွဲဖက်၍ လေ့ကျင့်

သင်ကြားပေးဖြင့် ဘွဲ့လွန်သင်တန်းသား/သူများအနေဖြင့် လက်တွေ့အတွေ့အကြုံများ ပိုမိုရရှိနိုင်မည်ဖြစ်ပါကြောင်း၊

- သုတေသနစွမ်းဆောင်ရည် လေ့ကျင့်မြှင့်တင်ရေးဗဟိုဌာန(ပြင်ဦးလွင်)တွင် ပြုလုပ်လျက်ရှိသော အသိအမှတ်ပြုလက်မှတ်ရ သုတေသနစွမ်းဆောင်ရည်မြှင့်သင်တန်းများသို့လည်း မဟာဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းသား/သူများ မဖြစ်မနေတက်ရောက်စေမည်ဖြစ်ပါကြောင်း၊
- ဝန်ကြီးဌာနတွင် ပြုလုပ်ရန်လိုအပ်သော သုတေသနခေါင်းစဉ်များကို စုစည်းထားသည့် Research Title Bank ကိုလည်း ဆေးသုတေသနဦးစီးဌာနမှ ပြုလုပ်ဆောင်ရွက်လျက်ရှိသဖြင့် ဘွဲ့လွန်သင်တန်းသား/သူများအနေဖြင့် အဆိုပါခေါင်းစဉ်များမှ ရွေးချယ်ပြုလုပ်နိုင်မည်ဖြစ်ပါကြောင်း၊
- တက္ကသိုလ်(၁၅)ခု စုပေါင်း၍ University Research Journal တစ်ခု ထုတ်စေလိုပါကြောင်း၊
- ဆေးနှင့်ဆေးပညာနှီးနွယ်တက္ကသိုလ်များရှိ ဆေးပညာသင်ကြားရေးယူနစ် (Medical Education Unit) များ၏ စွမ်းဆောင်ရည်မြင့်မားရေး ကိစ္စရပ်များကိုလည်း သုံးသပ်၍ ယခုထက် ပိုမို စွမ်းဆောင်ရည်မြှင့်တင်စေလိုပါကြောင်း၊
- ဆေးနှင့်ဆေးပညာနှီးနွယ်တက္ကသိုလ်များတွင် ဆရာ၊ ဆရာမအဖြစ် စတင်တာဝန်ထမ်းဆောင်မည့်သူများအတွက် သင်ကြားမှုဆိုင်ရာ မွမ်းမံသင်တန်းများပေးအပ်ခြင်း၊ ရာထူးအဆင့်တိုးမြှင့်သည့်အခါ၌လည်း သက်ဆိုင်ရာရာထူးအလိုက် မွမ်းမံသင်တန်းများပေးအပ်ခြင်းတို့ကိုလည်း ဆောင်ရွက်စေလိုပါကြောင်း၊
- ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအနေဖြင့် ဆေးနှင့်ဆေးပညာနှီးနွယ်တက္ကသိုလ်များ၏ နှစ်ပတ်လည်အစီရင်ခံစာ (annual report) များကိုလည်း ပုံမှန်ပြုစုသွားကြရမည်ဖြစ်ပါကြောင်း၊
- ယခုဘဏ္ဍာနှစ်တွင် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ ဘဏ္ဍာငွေများ ပိုမိုခွဲဝေထားမည်ဖြစ်သဖြင့် ဘဏ္ဍာငွေသုံးစွဲ၍ လုပ်ငန်းဆောင်ရွက်နိုင်ရန် စီမံချက်များကြိုတင်ရေးဆွဲပြင်ဆင်ထားရှိစေလိုပါကြောင်း၊
- ယခုကဲ့သို့ ညှိနှိုင်းအစည်းအဝေးများတွင် ပါမောက္ခချုပ်များအနေဖြင့် သက်ဆိုင်ရာတက္ကသိုလ်ဘက်စုံဖွဲ့ဖြိုးတိုးတက်ရေး၊ ပညာရပ်ဆိုင်ရာ သင်ကြားသင်ယူမှုများ ပိုမိုကောင်းမွန်စေရေးတို့အတွက် လိုအပ်ချက်များကို ပွင့်လင်းစွာပြောကြားခြင်းနှင့် အကြံပြုခြင်းများကို ဆောင်ရွက်ကြစေလိုပါကြောင်း။

အစည်းအဝေးသို့ တက်ရောက်သူများစာရင်း -

- အမြဲတမ်းအတွင်းဝန်
- ညွှန်ကြားရေးမှူးချုပ်(ပြည်ထောင်စုဝန်ကြီးရုံး)
- ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
- ဆေးနှင့်ဆေးပညာနှီးနွှယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ပါမောက္ခ/ဌာနမှူးများ။

(ဤမိနစ်စာတမ်းသည် ပြည်ထောင်စုဝန်ကြီး၏ လက်ရေးမူမှ ပြန်လည်ရိုက်နှိပ်ထားခြင်းဖြစ်ပါသည်။)